## (၁၄-၅-၂၀၂၁) မှ (၂၀-၅-၂၀၂၁) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း

## ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ လေ့လာသုံးသပ်တင်ပြခြင်း

၁။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေလ ၂၀ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၉ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်း ရွှေဈေးသည်လည်း မေလ ၁၄ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၆၄၅၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့ရာမှ မြန်မာ့နိုင်ငံရေး အခြေအနေများကြောင့် အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပြီး မေလ ၂၀ ရက်နေ့ မနက်ပိုင်းတွင် ၁၆၁၅၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ မေလ ၂၀ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၄.၂၀၂၁ | ၁၃၉၅၀၀၀ | ၁၇၁၁ |
| ၂ | ၂.၄.၂၀၂၁ | ၁၃၉၃၀၀၀ | ၁၇၂၉ |
| ၃ | ၅.၄.၂၀၂၁ | ၁၃၉၅၀၀၀ | ၁၇၂၅ |
| ၄ | ၆.၄.၂၀၂၁ | ၁၃၉၂၀၀၀ | ၁၇၃၅ |
| ၅ | ၇.၄.၂၀၂၁ | ၁၃၉၉၀၀၀ | ၁၇၃၈ |
| ၆ | ၈.၄.၂၀၂၁ | ၁၄၂၀၀၀၀၀ | ၁၇၃၉ |
| ၇ | ၉.၄.၂၀၂၁ | ၁၄၃၀၀၀၀ | ၁၇၄၂ |
| ၈ | ၁၂.၄.၂၀၂၁ | ၁၄၂၈၀၀၀ | ၁၇၃၈ |
| ၉ | ၂၀.၄.၂၀၂၁ | ၁၄၄၅၀၀၀ | ၁၇၄၅ |
| ၁၀ | ၂၁.၄.၂၀၂၁ | ၁၄၅၀၀၀၀ | ၁၇၄၈ |
| ၁၁ | ၂၂.၄.၂၀၂၁ | ၁၄၆၂၀၀၀ | ၁၇၉၃ |
| ၁၂ | ၂၃.၄.၂၀၂၁ | ၁၄၆၁၀၀၀ | ၁၇၈၄ |
| ၁၃ | ၂၆.၄.၂၀၂၁ | ၁၄၆၀၀၀၀ | ၁၇၈၁ |
| ၁၄ | ၂၇.၄.၂၀၂၁ | ၁၄၄၆၀၀၀ | ၁၇၈၁ |
| ၁၅ | ၂၈.၄.၂၀၂၁ | ၁၄၃၀၀၀၀ | ၁၇၇၁ |
| ၁၆ | ၂၉.၄.၂၀၂၁ | ၁၄၅၂၀၀၀ | ၁၇၈၀ |
| ၁၇ | ၃.၅.၂၀၂၁ | ၁၄၅၇၀၀၀ | ၁၇၈၀ |
| ၁၈ | ၄.၅.၂၀၂၁ | ၁၄၇၀၀၀၀ | ၁၇၈၆ |
| ၁၉ | ၅.၅.၂၀၂၁ | ၁၄၇၂၀၀၀ | ၁၇၇၇ |
| ၂၀ | ၆.၅.၂၀၂၁ | ၁၄၉၁၀၀၀ | ၁၇၉၄ |
| ၂၁ | ၇.၅.၂၀၂၁ | ၁၅၀၄၀၀၀ | ၁၈၁၈ |
| ၂၂ | ၁၀.၅.၂၀၂၁ | ၁၆၀၃၀၀၀ | ၁၈၃၈ |
| ၂၃ | ၁၁.၅.၂၀၂၁ | ၁၆၄၂၀၀၀ | ၁၈၃၆ |
| ၂၄ | ၁၂.၅.၂၀၂၁ | ၁၇၀၉၀၀၀ | ၁၈၃၃ |
| ၂၅ | ၁၃.၅.၂၀၂၁ | ၁၅၆၀၀၀၀ | ၁၈၁၅ |
| ၂၆ | ၁၄.၅.၂၀၂၁ | ၁၆၄၅၀၀၀ | ၁၈၃၀ |
| ၂၇ | ၁၇.၅.၂၀၂၁ | ၁၅၈၀၀၀၀ | ၁၈၇၀ |
| ၂၈ | ၁၈.၅.၂၀၂၁ | ၁၅၉၀၀၀၀ | ၁၈၇၀ |
| ၂၉ | ၁၉.၅.၂၀၂၁ | ၁၅၉၅၀၀၀ | ၁၈၆၅ |
| ၂၀ | ၂၀.၅.၂၀၂၁ | ၁၆၁၅၀၀၀ | ၁၈၆၉ |

Source: estimate of world's exchange rate and gold price page

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ဒေါ်လာ ၃ သန်း ထပ်မံရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သည့် စာရင်းများအရ သိရှိရပါသည်။ မေလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဒေါ်လာ ၃ သန်းရောင်းချခဲ့မှုတွင် လေလံအတွက် ပျမ်းမျှငွေလဲနှုန်းမှာ ၁၆၆၅ ကျပ် ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ နိုင်ငံခြားသုံးငွေ လုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျှော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်အရန်ငွေဖြည့်တင်းရန် စသည့် အချက်နှစ်ချက်အား အကောင်အထည်ဖော် ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 4.60 %၊ Year on Year Inflation 0.97 % ရှိသည်ကို လေ့လာသိရှိရပါသည်။

၅။ ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှ မေလ ၁၉ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေ လဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေ ကြေး များ | | ၁၃-၅-၂၀၂၁ | ၁၄-၅-၂၀၂၁ | ၁၇-၅-၂၀၂၁ | ၁၈-၅-၂၀၂၁ | ၁၉-၅-၂၀၂၁ | တစ်ပတ်အတွင်း ငွေ လဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၆၆၀.၀ | ၁၆၇၀.၂ | ၁၆၆၅.၀ | ၁၆၆၅.၀ | ၁၆၅၄.၈ | -၀.၃၁ | ↓ |
| ၂ | Thai Baht | THB | ၃၁.၃၉၀ | ၃၁.၃၅၀ | ၃၁.၄၅၀ | ၃၁.၄၄၀ | ၃၁.၄၅၀ | ၀.၁၉ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၃၆ | ၁.၃၃၄ | ၁.၃၃၆ | ၁.၃၃၀ | ၁.၃၃၁ | -၀.၃၇ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၂၅ | ၄.၁၂၅ | ၄.၁၃၂ | ၄.၁၂၄ | ၄.၁၃၁ | ၀.၁၅ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၉၈ | ၁၄၁၉၈ | ၁၄၂၈၂ | ၁၄၂၇၂ | ၁၄၂၈၃ | ၀.၆၀ | ↑ |
| ၆ | Chinese Yuan | CNY | ၄.၄၅၆ | ၆.၄၃၃ | ၆.၄၄၀ | ၆.၄၂၃ | ၆.၄၃၆ | ၄၄.၄၃ | ↑ |
| ၇ | Indian Rupee | INR | ၇၃.၆၀၈ | ၇၃.၂၅၈ | ၇၃.၂၁၆ | ၇၃.၀၂၃ | ၇၃.၁၃၄ | -၀.၆၄ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၉.၅၉၃ | ၁၀၉.၂၉၂ | ၁၀၉.၂၂၃ | ၁၀၈.၈၈၀ | ၁၀၉.၆၀၂ | ၀.၀၁ | ↑ |
| ၉ | Australian Dollar | AUD | ၁.၂၉၈ | ၁.၂၉၂ | ၁.၂၈၉ | ၁.၂၈၂ | ၁.၂၉၀ | -၀.၆၂ | ↓ |
| ၁၀ | Euro | EUR | ၀.၈၂၉ | ၀.၈၂၅ | ၀.၈၂၃ | ၀.၈၁၉ | ၀.၈၁၈ | -၁.၃၃ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၁၃ | ၀.၇၁၁ | ၀.၇၀၉ | ၀.၇၀၃ | ၀.၇၀၅ | -၁.၁၂ | ↓ |

Source- Central Bank of Myanmar

၆။ ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မေလ ၁၃ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၆၀.၀ ကျပ်ရှိခဲ့ရာမှ မေလ ၁၉ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၆၅၄.၈ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀.၃၁ % ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မေလ ၁၉ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




၈။ ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၇၀ ကျပ်၊ မေလ ၁၄ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၇၅ ကျပ်၊ မေလ ၁၇ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၉၀ ကျပ်၊ မေလ ၁၈ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၉၅ ကျပ်နှင့် မေလ ၁၉ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၇၀၀ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။